| ကျသင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံမှုဆိုင်ရာမူဂါဒ | | | | | |
|---|---|---|---|---|---|
| အခန်း | PFS | ယခင်မူဂါဒနံပါတ် | PFS-D153 | မူဂါဒနံပါတ် | PFS-04 |
| မူလရက်စွဲ | ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ | အသက်ဝင်သည့်ရက်စွဲ | ၂၀၁၉ ခုနှစ်၊ မတ်လ | နောက်တစ်ကြိမ် ပြန်လည်သုံးသပ်မည့်ရက်စွဲ | ၂၀၂၀ ခုနှစ်၊ မတ်လ |

*Δ က အပြောင်းအလဲများကို ဖော်ပြပါသည်*

**မူဂါဒကြေငြာချက်** မတ်ထရိုကျန်းမာရေးကော်ပိုရေးရှင်းနှင့် မတ်ထရိုကျန်းမာရေးဆေးရုံ (နှစ်ခုပေါင်းကို မတ်ထရိုဟုခေါ်သော) တို့သည် မတ်ထရို၏ မူလနှင့်ဒုတိယအဆင့် ဂန်ဆောင်မှုနယ်မြေများတွင် နေထိုင်ကြသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဂန်ဆောင်မှုများတို့ကို ပေးရန်ဟူသော ပရဟိတလုပ်ငန်းတာဂန်တစ်ရပ်ကို ယူ ဆောင်ထားသည့် အမြတ်အစွန်းအတွက်မဟုတ်သော၊ အခွန်ကင်းလွတ်ခွင့်ရှိသော အဖွဲ့အစည်းများဖြစ်ပါ သည်။ ဤကျသင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံမှုဆိုင်ရာမူဂါဒ၏ ရည်ရွယ်ချက်မှာ ပေးအပ်ထားပြီး သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဂန်ဆောင်မှုအတွက် ကျသင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံ ခြင်းတွင် မတ်ထရို၏အားထုတ်မှုနှင့်ပတ်သက်ပြီး လူနာများအားလုံးတို့သည် မျှတစွာနှင့်လျော်ကပ်စွာ ဆက်ဆံခံရကြောင်းနှင့် ဘဏ္ဍာရေးအထောက်အပံ့အတွက် လျှောက်ထားရန် (မတ်ထရိုဘဏ္ဍာရေး အထောက်အပံ့မူဂါဒတွင်ကြည့်ပါ) သို့မဟုတ် အခြားပေးချေမှုဆိုင်ရာ အစီအမံများပြုလုပ်ရန် လုံလောက် သော အခွင့်အလမ်းပေးအပ်ခံရကြောင်း သေချာမှုရှိစေရန်ဖြစ်သည်။ ဤမူဂါဒသည် မတ်ထရိုကျန်းမာရေး ကော်ပိုရေးရှင်းနှင့် မတ်ထရိုဆေးရုံတည်ရှိရာ နေရာများအားလုံးတို့အတွက် အကျုံးဂင်ပါသည်။

**အဓိကဂေါဟာရများ** ကိုယ်တိုင်ပေးချေမှု၊ ဘဏ္ဍာရေးအထောက်အပံ့၊ ကောက်ခံခြင်း

**အကျုံးဂင်မှု** လူနာမှတ်ပုံတင်ခြင်း၊ လူနာဘဏ္ဍာရေးအတိုင်ပင်ခံ၊ ဖောက်သည်ဂန်ဆောင်မှုကိုယ်စားလှယ်များ၊ လူနာ ဘဏ္ဍာရေး ဂန်ဆောင်မှုများ၊ လုပ်ငန်းပုံစံကျသော ငွေတောင်းခံမှု

**အထွေထွေ** ဤမူဂါဒသည် မည်သည့်လူနာမဆိုတို့၏ ဆေးရုံမှဖြစ်စေ၊ ဆေးခန်းမှဖြစ်စေ၊ ထိုနှစ်ရပ်လုံးမှဖြစ်စေ ကျ န်းမာ ရေးစောင့်ရှောက်မှုအတွက် ပေးရန်ရှိသောငွေကို မပေးချေနိုင်မှုဖြစ်စဉ်တွင် မတ်ထရိုကလုပ်ဆောင်ရမည့် ဆောင်ရွက်မှုများတို့ကို သတ်မှတ်ပေးပါသည်။ ဤမူဂါဒသည် ကျသင့်ငွေကောက်ခံရန်အားထုတ်မှုတစ်ခု တွင် သမာရိုးကျမဟုတ်သောကောက်ခံမှုကို စတင်ဆောင်ရွက်ခြင်းမပြုမီတွင် လူနာတစ်ဦးသည် မတ်ထရို ဘဏ္ဍာရေးအထောက်အပံ့မူဂါဒအရ ဘဏ္ဍာရေးဆိုင်ရာအကူအညီကို ရယူနိုင်ခွင့်ရှိ၊မရှိ ဆုံးဖြတ်ရန်အတွက် သင့်တင့်လျှောက်ပတ်သော အားထုတ်မှုများကိုလုပ်ဆောင်ခဲ့ကြောင်း သေချာစေရန် မတ်ထရိုကဆောင်ရွက် ရမည့် လုပ်ဆောင်မှုများတို့ကိုလည်း သတ်မှတ်ပေးပါသည်။

ဤမူဂါဒ၏ ရည်ရွယ်ချက်များအတွက် လူနာဟုရည်ညွှန်းပြောဆိုမှုများသည် ထိုလူနာကိုယ်တိုင်ဖြစ်စေ၊ သူ၏ အုပ်ထိန်းသူဖြစ်သည့် ပေးရန်ရှိငွေကို ပေးချေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာတာဂန်ရှိသော

ပုဂ္ဂိုလ်ဖြစ်စေတို့ ကို ဆိုလိုပါသည်။

က။ မတ်ထရိုသည် ကျသင့်ငွေတောင်းခံလွှာအားလုံးတို့တွင် အောက်ပါအချက်များတို့ကို ထည့်သွင်းဖော်ပြပါ မည်။

(၁) မတ်ထရိုကပေးသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဂန်ဆောင်မှုအကျဉ်း

(၂) တောင်းဆိုမည်ဆိုပါက အသေးစိတ်ကုန်ကျစရိတ်တွက်ချက်မှုကို ဖော်ပြထားသည့် ပြန်တမ်းတစ်စောင်နှင့်တကွ ထိုသို့သော ဂန်ဆောင်မှုများအတွက် ကျသင့်ငွေအကျဉ်း

(၃) ထိုလူနာက ပေးချေရမည့်ငွေပမာဏ

ခ။ အာမခံထားရှိခြင်း လုံးဂမရှိသော သို့မဟုတ် အခြားငွေပေးချေပေးမည့် တတိယလူမရှိသော လူနာများ အားလုံးတို့သည် မတ်ထရိုဘဏ္ဍာရေးအထောက်အပံ့ဆိုင်ရာ မူဂါဒ PFS-03 အရ ကိုယ်တိုင်ပေးချေမှု လျော့ဈေးကို အလိုအလျောက်ပေးအပ်ခြင်းခံရမည်ဖြစ်သည်။ အကယ်၍ လူနာသည် ထိုမူဂါဒတွင် သတ်မှတ် ထားသည့် ဂင်ငွေကိုအခြေခံသော လမ်းညွှန်ချက်များအရ ဘဏ္ဍာရေးအထောက်အပံ့အတွက် အရည်အချင်း သတ်မှတ်ခံရန် နောက်ပိုင်းတွင် ဆုံးဖြတ်ချက်ချလိုက်ပါက ထိုကိုယ်တိုင်ပေးချေမှု လျော့ဈေးပေးခြင်းကို ပြန်လည်ရုတ်သိမ်းခြင်းခံရလိမ့်မည်ဖြစ်သောကြောင့် ထိုသို့သောကိစ္စရပ်မျိုးတွင် ဘဏ္ဍာရေးအထောက်အပံ့ လျော့ဈေးကို ကိုယ်တိုင်ပေးချေမှုလျော့ဈေးနေရာတွင် အစားထိုးတွက်ချက်ပေးမည်ဖြစ်သည်။

ဂ။ ကိုယ်တိုင်ပေးချေသော လူနာတစ်ဦးချင်းစီတို့နှင့်ပတ်သက်ပြီး မတ်ထရိုသည် ထိုကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံမှဆင်းချိန်ကုန်ကျစရိတ်ကျသင့်ငွေ ပထမတောင်းခံလွှာတွင် ကိုယ်တိုင်ပေးချေမှု လျော့ဈေးရရှိနိုင်မှုနှင့် စပ်လျဉ်းသည့် ထင်ရှားစွာဖော်ပြထားသော အဆိုပြုချက်တစ်ခု ထည့်သွင်းဖော်ပြထား ကြောင်းနှင့် ပေးချေရမည့်ငွေပမာဏတွင် ထိုလျော့ဈေးကို ထည့်သွင်းတွက်ချက်ပြီးဖြစ်ကြောင်း သေချာစေပါ မည်။

ဃ။ မတ်ထရို၏ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်ပေးချေမှု အစီအစဉ်မှတစ်ဆင့် လူနာများတို့က ပေးချေရန် ရှိသောငွေပမာဏအတွက် ငွေပေးချေမှုအစီအစဉ်ကို သတ်မှတ်ဖော်ဆောင်ပေးခြင်းအားဖြင့် မတ်ထရိုသည် လူနာများတို့ကို အကူအညီပေးမည်ဖြစ်ပါသည်။ မတ်ထရိုနှင့် စာဖြင့်သဘောတူညီထားခြင်းမရှိပါက ပေးချေ မှု အစီအစဉ်တစ်ခုစီတိုင်းတို့သည် (၁) စောင့်ရှောက်မှုခံယူသည့်ရက်စွဲနောက်ပိုင်း (ပေးရန်ရှိ ငွေပမာဏ များပြားလွန်းသော အခြေအနေမျိုးတွင် ရက်တိုးပေးခြင်းရရှိနိုင်သော) တွင် ကျသင့်ငွေအပြည့်အဂကို ကျ သင့်သော ပမာဏပေါ် မူတည်ပြီး ၄၈ လအတွင်း ပေးချေခြင်းနှင့်
(၂) ပေးရန်ကျန်ရှိသော ငွေပမာဏအပေါ် မူတည်ပြီး လစဉ်တစ်လလျှင် အနည်းဆုံး
၂၅
ဒေါ်လာပေးချေခြင်းတို့ကို ပေးပါမည်။ ထိုကျန်းမာရေး စောင့် ရှောက်မှုဆိုင်ရာ ငွေပေးချေမှုအစီအစဉ်သည် အတိုးမပါသော အစီအစဉ်တစ်ခုဖြစ်သည်။

င။ ဤမူဂါဒ၏ သတ်မှတ်ချက်များနှင့်လျော်ညီစွာ မတ်ထရိုသည် ပေးအပ်ထားပြီးသော ကျန်းမာရေးစောင့် ရှောက်မှုဆိုင်ရာ ဂန်ဆောင်မှုအတွက် ကျသင့်ငွေရရှိရန် သမားရိုးကျမဟုတ်သော ကောက်ခံမှုဆိုင်ရာ လုပ် ဆောင်ချက်များ (ECA) အပါအဂင် ဥပဒေအရအရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာကိုလည်းကောင်း၊ အား

လုံးကိုလည်းကောင်း လုပ်ဆောင်မည်ဖြစ်သည်။

စ။ မတ်ထရိုသည် ထိုလူနာက မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့မူဝါဒအရ အကူအညီရရှိပိုင်ခွင့်ရှိမရှိကို ဆုံးဖြတ်ရန် တော်လျော်သောအားထုတ်မှုများမလုပ်ဆောင်မီတွင် မည်သည့် ECA ကိုမျှ တိုက်ရိုက်ဖြစ်စေ၊ မည်သည့်အကြွေးတောင်းအေးဂျင်စီ သို့မဟုတ် အခြားကိုယ်စားလှယ်မှတစ်ဆင့်ဖြစ်စေ လုပ်ဆောင်မည် မ ဟုတ်ပါ။ ထိုအကြောင်းကြောင့်

(၁) အသိပေးအကြောင်းကြားမှုပြုထားသော အချိန်ကာလအတောအတွင်း မတ်ထရိုသည် မည်သည့် ECA ကိုမျှ လုပ်ဆောင်လိမ့်မည်မဟုတ်ပါ။

(၂) မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့မူဝါဒတွင် ဖော်ပြထားသည့်နည်းလမ်းများမှတစ်ဆင့် ဘဏ္ဍာ ရေးအထောက်အပံ့ရရှိနိုင်မှုကို အောက်ပါနည်းလမ်းများတို့အားဖြင့် လူထုကိုသိရှိစေပါမည်။

- မတ်ထရိုပိုင်နက်များတွင် ဆိုင်းဘုတ်များ ထောင်ထားပေးခြင်း
- မတ်ထရို၏ဂက်ဘ်ဆိုက်တွင် ဘဏ္ဍာရေးအထောက်အပံ့မူဝါဒ၊ ဘဏ္ဍာရေးအထောက်အပံ့ လျှောက်ထားခြင်းနှင့် ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့် အကြောင်းအရာအကျဉ်း တို့ကို တင်ပြထားခြင်း
- ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့်အကြောင်းအရာအကျဉ်းကို လူနာမှတ်ပုံတင်စာ ရွက်စာတမ်းများနှင့် ဆေးရုံတက်လူနာလမ်းညွှန်စာအုပ်တို့တွင် ထည့်သွင်းပေးခြင်း
- ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့်အကြောင်းအရာအကျဉ်းကို လူနာတစ်ဦးစီတိုင်းတို့အား ဆေးရုံတင်ခြင်းလုပ်ငန်းစဉ်အတွက်ဖြစ်စေ၊ ဆေးရုံဆင်းခြင်းလုပ်ငန်းစဉ်အတွက်ဖြစ် စေ ပေးအပ်သော စာရွက်စာတမ ်းများတွင် ထည့်သွင်းပေးခြင်း

(၃) မတ်ထရိုသည် ဘဏ္ဍာရေးအထောက်အပံ့မူဝါဒ၊ ဘဏ္ဍာရေးအထောက်အပံ့ လျှောက်ထားခြင်းနှင့် ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့်အကြောင်းအရာအကျဉ်းတို့ကို အင်္ဂလိပ်ဘာသာအပြင် (၁) လူဦးရေ ၁၀၀၀ ထက်အသုံးနည်းသော သို့မဟုတ် (၂) မတ်ထရို၏ မူလနှင့် ဒုတိယအဆင့် ဂန်ဆောင်မှုနယ်မြေများရှိ လူဦးရေ ၅% ထက်အသုံးနည်းသော အခြားဘာသာစကားတို့ဖြင့်လည်း ရရှိနိုင်ကြောင်း သေချာစေပါမည်။

(၄) အသိပေးအကြောင်းကြားထားသော အချိန်ကာလအတောအတွင်း မတ်ထရိုသည် လူနာတစ်ဦးစီ တိုင်းတို့ကို ကျသင့်ငွေတောင်းခံလွှာအနည်းဆုံးသုံးစောင် (မည်သည့် ကျသင့်ငွေတောင်းခံလွှာကိုမျှ ပေးပို့ရန်မလိုတော့သော်လည်း ထိုလူနာက ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာကို တင်ချိန်တွင် တစ်စောင်) ပေးပို့မည်ဖြစ်ပြီး တစ်စောင်ချင်းစီတိုင်းတို့တွင် အောက်ဖော်ပြပါတို့အပါအဝင် ဘဏ္ဍာရေးအထောက်အပံ့ရနိုင်မှုနှင့်စပ်လျဉ်းသည့် သိသာထင်ရှားသော အဆိုပြုချက်တစ်ခုကို ထည့်သွင်းဖော်ပြပါမည်။

- ဘဏ္ဍာရေး အထောက်အပံ့ရနိုင်မှုနှင့် စပ်လျဉ်းသည့် သိသာထင်ရှားသောအဆိုပြုချက်တစ်ခု
- ဘဏ္ဍာရေးအထောက်အပံ့မူဝါဒနှင့် လျှောက်ထားမှုလုပ်ဆောင်ချက်အဆင့်ဆင့်တို

အကြောင်း သတင်းအချက်အလက်အတွက် ဖုန်းနံပါတ်တစ်ခု

- ဘဏ္ဍာရေးအထောက်အပံ့မူဝါဒ၊ ဘဏ္ဍာရေးအထောက်အပံ့လျှောက်ထားခြင်းနှင့် ရိုးရှင်း သော အသုံးအနှုန်းဖြင့် ဖော်ပြထားသည့်အကြောင်းအရာအကျဉ်းတို့ကို ရရှိနိုင်သည့် ဝက်ဘ် ဆိုက်လိပ်စာ

(၅) အကယ်၍
မည်သည့်လူနာမဆိုတို့သည် ရနိုင်မည့်ဘဏ္ဍာရေးအထောက်အပံ့နှင့်သက်ဆိုင် သော သတင်းအချက်အလက်အတွက် မတ်ထရိုသို့ ဆက်သွယ်လာပါက မတ်ထရိုသည် ထိုသို့သော လူနာကို အခကြေးငွေမယူဘဲ ဘဏ္ဍာရေးအထောက်အပံ့မူဝါဒ၊ ဘဏ္ဍာရေးအထောက်အပံ့ လျှောက်ထားခြင်းနှင့် ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့်အကြောင်းအရာအကျဉ်းတို့ ကို မိတ္တူတစ်စုံစီ ပေးမည်ဖြစ်သည်။ ထို့အပြင် မတ်ထရိုသည် ထိုလူနာကို လိုအပ်သလို ထပ်မံ ရှင်းပြနိုင်ရန်နှင့် အကူအညီပေးရန်အတွက် မတ်ထရိုကိုယ်စားလှယ်တစ်ဦးထံ လွှဲပြောင်းပေး ကြောင်း သေချာစေပါမည်။

ဆ။ မတ်ထရိုသည် တစ်ခု သို့မဟုတ် ထိုထက်ပိုသော ECA များကို လုပ်ဆောင်ရန် ရည်ရွယ်သော အခြေ အနေတွင်
မတ်ထရိုက ထိုလူနာထံသို့ ငွေကြေးမကောက်ခံမီကြိုတင်အကြောင်းကြားစာကို တတိယ မြောက် ကုန်ကျစရိတ်တောင်းခံလွှာပေးပို့မှု၏ အစိတ်အပိုင်းတစ်ခုအနေနှင့် ECA (များ) လုပ်ဆောင် ခြင်း မစတင်မီ ရက်ပေါင်းအနည်းဆုံး ၃၀ ရက်ကြိုတင်ပြီး စာတိုက်မှဖြစ်စေ၊ လူဖြင့်ဖြစ်စေ ပေးပို့ပါ မည်။ ထိုကြိုတင်အကြောင်းကြားစာနှင့် တတိယမြောက်ကုန်ကျစရိတ်တောင်းခံလွှာတို့တွင် အောက်ပါ အချက်များအားလုံး ထည့်သွင်းဖော်ပြပါမည်။

(၁) ရက်စေ့ပြီဖြစ်သောပေးရန်ရှိငွေကို ရရှိရန်အတွက် ECA တစ်ကြိမ် သို့မဟုတ် ထိုတက်မကသော အကြိမ်ရေကို စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း (လုပ်ဆောင်မည့် ECA အတိအကျကို ဖော်ပြပြီး) အဆိုပြုလွှာ

(၂) ထိုဖော်ပြထားသည့် ECA များကို ရှောင်လွှဲနိုင်ရန်အတွက် ငွေပေးချေမှုကို လုပ်ဆောင်ရမည့် နေ့စွဲ (ငွေကောက်ခံမှုမတိုင်မီ ထပ်မံအကြောင်းကြားစာပေးပို့ပြီး နောက်အနည်းဆုံးရက်ပေါင်း ၃၀ ကြာ)

(၃) မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့မူဝါဒအတိုင်း လုပ်ဆောင်မည်ဆိုပါက ဘဏ္ဍာရေး အထောက်အကူရနိုင်ကြောင်း သိသာထင်ရှားသော အဆိုပြုချက်တစ်ရပ်

(၄) ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့် အကြောင်းအရာအကျဉ်းမိတ္တူ

ငွေကောက်ခံခြင်းမပြုမီ ကြိုတင်အကြောင်းကြားစာကို ငွေသွင်းရန် အသိပေးအကြောင်းကြားထား သည့် အချိန်ကာလမစေ့မီ ရက် ၃၀ ထက်စောပြီး စာတိုက်မှဖြစ်စေ၊ လူဖြင့်ဖြစ်စေ မည်သည့် အကြောင်းကြောင်းမျှ ပေးပို့ခြင်းမပြုရပါ။ ငွေကောက်ခံခြင်းမပြုမီ ထပ်မံအကြောင်းကြားစာကို စာတိုက် မှဖြစ်စေ၊ လူဖြင့်ဖြစ်စေ ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ အချိန်ကာလအတောအတွင်း မတ်ထရိုသည် ဘဏ္ဍာရေးအထောက်အပံ့ရရှိနိုင်မှုအကြောင်း ထိုလူနာကို နှုတ်ဖြင့်အသိပေးရန် တော်လျော်သော အားထုတ်မှုများကို ဆက်လက်လုပ်ဆောင်ပါမည်။

အကယ်၍ ရည်ရွယ်ထားသော ECA သည် မတူညီသော ကုသမှုအမျိုးမျိုးတို့အတွက် ငွေကြေး ကောက်ခံမှုများတို့ကို ကာမိပါက ကြိုတင်အသိပေးသောအချိန်ကာလ (ရက် ၁၂၀) နှင့် လျှောက်ထား သောအချိန်ကာလ (ရက် ၂၄၀) တို့နှင့်ဆက်စပ်နေသည့် အချိန်သတ်မှတ်ချက်လိုင်းကို စာထုတ်ပြန် ထားသည့် နောက်ဆုံးကုသမှုကို အကြောင်းပြုပြီး (အထူးသဖြင့် ထိုကုသမှုအတွက် ပထမဆုံးအကြိမ် ဆေးရုံဆင်းစဉ် ကုန်ကျစရိတ်တောင်းခံလွှာထုတ်ပေးသည့် ရက်စွဲမှစ၍) တိုင်းတာတွက်ချက်ပါလိမ့် မည်။

၉။ ကြိုတင်အသိပေးအကြောင်းကြားသော အချိန်ကာလကုန်ဆုံးပြီးနောက်တွင် မတ်ထရိုသည် တစ်ကြိမ် သို့မဟုတ် ထိုထက်ပိုသော EAC ကို အောက်ပါအတိုင်း ဆောင်ရွက်ပါလိမ့်မည်။

(၁) အကယ်၍ ထိုလူနာသည် မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့မူဝါဒအရ ဘဏ္ဍာရေးအထောက် အပံ့ကို အသိပေးအကြောင်းကြားသော အချိန်ကာလနောက်ဆုံးရက်အထိ လျှောက်ထားခြင်း မရှိပါက မတ်ထရိုသည် EAC ကိုအစပြုမည်ဖြစ်သော်လည်း ငွေကြေးမကောက်ခံမီ ထပ်မံ အကြောင်းကြားစာပေးအပ်ပြီး နောက်အနည်းဆုံး ရက်ပေါင်း ၃၀ ကြာသည့်အချိန်ကာလတစ်ခု ကုန်ဆုံးပြီးမှသာလျှင် လုပ်ဆောင်မည်ဖြစ်သည်။

(၂) အကယ်၍ ထိုလူနာသည် ဘဏ္ဍာရေးအထောက်အပံ့ကို လျှောက်ထားသော်လည်း မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့မူဝါဒအရ အရည်အချင်းပြည့်မီခြင်းမရှိကြောင်း ဆုံးဖြတ်ချက်ချလိုက် သည်ဆိုပါက မတ်ထရိုသည် နောက်ထပ်တစ်ကြိမ် သို့မဟုတ် ထိုထက်ပိုသော ECA ကို လုပ် ဆောင်ပါမည်။

(၃) အကယ်၍ လူနာတစ်ဦးသည် လျှောက်ထားမှုအတွက်သတ်မှတ်ကာလ မကုန်ဆုံးမီတွင်ကြိုတင်ပြီး မပြည့်စုံသော ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာကို တင်သွင်းသည်ဆိုပါက အောက်ပါလုပ် ငန်းစဉ်များ မပြီးစီးမီအချိန်အထိ EAC ကို အစပြုမည်မဟုတ်ပါ။

- မတ်ထရိုသည် ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာကို ပြည့်စုံစေရာတွင် လိုအပ်သော သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများအကြောင်း ဖော်ပြထားသည့် အသိပေးစာ တစ်စောင်ကို ထုတ်ပေးမည်။

- သတ်မှတ်ထားသောနေ့ရက်တွင် ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာကို ပြီးစီးစေခြင်း သို့မဟုတ် ငွေပေးသွင်းခြင်းမပြုပါက မတ်ထရိုသည် ECA ကိုဆောင်ရွက်တော့မည် ဖြစ် သော်လည်း လျှောက်လွှာအပြီးသတ်ရမည့် သို့မဟုတ် ငွေပေးသွင်းရမည့် ရက်စွဲကို လျှောက် ထားရန် သတ်မှတ်ချိန်မကုန်ဆုံးမီအထိ သတ်မှတ်မည်မဟုတ်ကြောင်း ရက် ၃၀ ကြိုတင်ပြီး အကြောင်းကြားစာ ထုတ်ပေးပါမည်။

- အကယ်၍ ထိုလူနာက ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာကို ပြီးစီးစေပြီးမှ မတ်ထရိုက ထိုလူနာသည် မည်သည့်ဘဏ္ဍာရေးအထောက်အပံ့ကိုမျှ ရယူပိုင်ခွင့်မရှိကြောင်း

အတိအကျ ဆုံးဖြတ်သည်ဆိုပါက မည်သည့် ECA ကိုမျှ အစမပြုမီတွင် ငွေပေးချေမှုအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ရန် အခွင့်အလမ်းကို ထိုလူနာအား မတ်ထရိုက ပေးပါမည်။

- အကယ်၍ ထိုလူနာသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်နေ့ရက်တွင် ဘဏ္ဍာ ရေး အထောက်အပံ့လျှောက်လွှာကို ပြီးစီးစေရန်ပျက်ကွက်ပါက မတ်ထရိုသည် တစ်ကြိမ် သို့မဟုတ် ထိုထက်ပိုသော ECA ကို စတင်မည်ဖြစ်သည်။

(၄) အကယ်၍ ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာတစ်စောင် (ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည် ဖြစ်စေ) ကို လူနာတစ်ဦးက လျှောက်ထားရန် သတ်မှတ်အချိန်ကာလအတောအတွင်း တင်သွင်း သည်ဆိုပါက မတ်ထရိုသည် စတင်လုပ်ဆောင်တော့မည့် မည်သည့် ECA ကိုမဆို ထိုလူနာ၏ ဘဏ္ဍာရေးအထောက်အပံ့ လျှောက်ထားမှုကြန့်ကြာသရွေ့ ဆိုင်းငံ့ထားပေးမည်ဖြစ်သည်။

စ။ မတ်ထရိုသည် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် သက်ဆိုင်ရာဥပဒေတို့နှင့် ကိုက်ညီသော ECA များတို့ကို မိမိကိုယ်စားဆောင်ရွက်ရန် ပြင်ပမှ ငွေကြေးကောက်ခံရေး အေဂျင်စီများတို့ကို လုပ်ပိုင် ခွင့်ပေးအပ်ပါမည်။ သို့သော် ပြင်ပမှ ငွေကြေးကောက်ခံရေးအေဂျင်စီတစ်ခုက လုပ်ဆောင်ပေးပါရန် အဆိုပြုထားသော မည်သည့် ECA မဆိုသည် ကောက်ခံမှုတစ်ခုစီတိုင်းအတွက် အထူးသဖြင့် လူနာနှင့် ငွေစာရင်းတို့နှင့် ပတ်သက်ပြီး မတ်ထရိုထံမှ ကြိုတင်အတည်ပြုချက်ကို ရယူရန် လိုအပ်ပါသည်။

ည။ မတ်ထရိုဂန်ဆောင်မှုများအတွက် ပေးချေရန်တတ်နိုင်သော်လည်း ပေးချေလိုခြင်းမရှိသည့် လူနာများ တို့၏ ပေးရန်ရှိငွေများတို့ကို ကောက်ခံ၍မရနိုင်သည့် ကြွေးဆုံးများအဖြစ် သတ်မှတ်ပြီး ထိုသို့သော စာရင်းများတို့ကို ငွေကြေးကောက်ခံပေးရန်အတွက် ပြင်ပမှ အေဂျင်စီများတို့ကို လွှဲပြောင်းပေးမည်ဖြစ် သည်။ မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့မူဂါဒအရ ဘဏ္ဍာရေးအထောက်အပံ့ရရှိရန် အရည် အချင်းပြည့်မီသော်လည်း ကျန်ရှိနေသေးသည့် (ဈေးလျှော့ထားသော) လက်ကျန်ငွေကိုပေးသွင်းရန် ပျက်ကွက်သော လူနာများတို့၏ ပေးရန်ရှိ ငွေများတို့ကို ရက်စေ့သောအခါတွင် ကောက်ခံ၍မရနိုင်သည့် ကြွေးဆုံးများအဖြစ်သတ်မှတ်ပြီး ထိုသို့သော စာရင်းများတို့ကို ငွေကြေးကောက်ခံပေးရန်အတွက် ပြင်ပ မှ အေဂျင်စီများတို့ကို လွှဲပြောင်းပေးမည်ဖြစ်သည်။

ဋ။ မတ်ထရိုသည် လူထုထံသို့ ဤကျသင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံမှုဆိုင်ရာမူဂါဒ မိတ္တူများတို့ကို အခမဲ့ပေးပါမည်။ ဤကျသင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံမှုဆိုင်ရာမူဂါဒကို ဆိုင်းဘုတ်ထောင် ခြင်း၊ ကြော်ငြာခြင်းနှင့် အခြားမတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့မူဂါဒကဲ့သို့ပင် ရရှိနိုင်စေမည့် နည်း လမ်းများကို လုပ်ဆောင်ပါမည်။ မတ်ထရိုသည် ဤကျသင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံမှုဆိုင်ရာ မူဂါဒကို အင်္ဂလိပ်ဘာသာအပြင် (၁) လူဦးရေ ၁၀၀၀ ထက် အသုံးနည်းသော သို့မဟုတ် (၂) မတ်ထရို ၏ မူလနှင့် ဒုတိယအဆင့်ဂန်ဆောင်မှုနယ်မြေများရှိ လူဦးရေ ၅% ထက်အသုံးနည်းသော အခြားဘာ သာစကားတို့ဖြင့်လည်း ရရှိနိုင်ကြောင်း သေချာစေပါမည်။

ဌ။ အကယ်၍ မတ်ထရိုသည် လူနာ၏ထံမှ

ရရန်ရှိသောအကြွေးများတို့ကို နောက်ထပ်အဖွဲ့အစည်းတစ်ခုသို့ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းပြုသည်ဆိုပါက ထိုအဖွဲ့အစည်းကို အောက်ပါအချက်များအား တာဝန်ယူစေမည့် သဘောတူညီချက်တစ်ရပ်ကို မတ်ထရိုက လက်မှတ်ရေးထိုးပါမည်။

(၁) အသိပေးအကြောင်းကြားသောအချိန်ကာလ
မကုန်ဆုံးမီအချိန်အထိလည်းကောင်း၊ ငွေကောက်ခံ ရန် ထပ်မံအကြောင်းကြားစာကို လူနာထံ စာတိုက်မှဖြစ်စေ၊ လူဖြင့်ဖြစ်စေပေးပို့ပြီး အနည်းဆုံး ရက်ပေါင်း ၃၀ လွန်မသွားမီ အချိန်အထိလည်းကောင်း ECA များဆောင်ရွက်ခြင်းကို ရှောင်ကြဉ် ရန်

(၂) အကယ်၍ လူနာသည် ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာကို လျှောက်ထားရန် သတ်မှတ်ချိန် အတွင်း တင်သွင်းသည်ဆိုပါက မည်သည့် ECA ကိုမဆို ဆိုင်းငံ့ထားရန်နှင့်

(၃) အကယ်၍ လူနာသည် ဘဏ္ဍာရေးအထောက်အပံ့အတွက် ရွေးချယ်ခံရန် ဆုံးဖြတ်ပါက ထိုလူနာကို လိုအပ်သည်ထက်ပိုပြီး တောင်းခံခြင်းဖြစ်စေ ပေးရန်တာဝန်ယူခိုင်းခြင်းဖြစ်စေ (ပေးခြင်းကိုဖြစ် စေ) မပြုလုပ်ကြောင်း သေချာစေရန်နှင့် ယခင်ရယူထားသော EAC များကို ပြန်လည်ပေးအပ်ရန်

**အဓိပ္ပါယ်ဖွင့်ဆိုချက် (များ)**

<u>လျှောက်ထားရန် သတ်မှတ်ကာလ။</u> ။ မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့ဆိုင်ရာ မူဝါဒအရ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့အတွက် လျှောက်ထားမှုတစ်ရပ်ကိုလက်ခံပြီး သုံးသပ်စစ်ဆေးရ သည့် အချိန်ကာလအပိုင်းအခြားဖြစ်သည်။ ဘဏ္ဍာရေးအထောက်အပံ့ဆိုင်ရာမူဝါဒနှင့် ဘဏ္ဍာရေး အထောက်အပံ့လျှောက်လွှာ မိတ္တူများတို့ကို https://metrohealth.net/about-metro-health/ billing-payment-options/financial-assistance/ တွင်ရရှိနိုင်ပါသည်။ လျှောက်ထားရန် သတ် မှတ်ကာလသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုကို ပေးသောနေ့ရက်မှစတင်ပြီး ထိုစောင့်ရှောက်မှုအတွက် ပထမဆုံး ဆေးရုံဆင်းကုန်ကျစရိတ်တောင်းခံလွှာ ပေးသည့်နေ့ပြီး နောက် ရက်ပေါင်း ၂၄၀ မြောက်နေ့တွင် ပြီးဆုံးသည်။

<u>ဘဏ္ဍာရေးအထောက်အပံ့နောက်ဆုံးနေ့။</u> ။ ဘဏ္ဍာရေးအထောက်အပံ့လျှောက်လွှာတင်သွင်းရန် ပျက်ကွက်သော တာဝန်ရှိသည့် ပုဂ္ဂိုလ် (များ) အတွက် မတ်ထရိုကျန်းမာရေးမှ ECA ကို စတင် ဆောင်ရွက်မည့်နေ့မတိုင်မီ တစ်ရက်ဖြစ်သည်။ ထိုနောက်ဆုံးနေ့ရက်ကို တာဝန်ရှိသည့်ပုဂ္ဂိုလ် (များ) ထံသို့ ထိုနေ့မရောက်မီ ရက်ပေါင်း ၃၀ ကြိုတင်ပြီး အသိပေးအကြောင်းကြားရမည် ဖြစ်သော် လည်း ရက်ပေါင်း ၁၂၀ ထက်ပိုပြီး မစောရပါ။

<u>ဘဏ္ဍာရေးအထောက်အပံ့လျှောက်ထားမှုပြီးစီးခြင်း။</u> ။မပြည့်စုံသော ဘဏ္ဍာရေးအထောက်အပံ့ လျှောက်လွှာကို တင်သွင်းသည့် ပုဂ္ဂိုလ်(များ)အတွက် မတ်ထရိုကျန်းမာရေးက ECA ကိုစတင်ခြင်း သို့မဟုတ် ပြန်လည်စတင်ခြင်းပြုလုပ်သည့် နေ့ရက်ပြီးနောက်တစ်ရက်ဖြစ်သည်။ ထိုပြီးစီးရမည့် နောက်ဆုံးရက်ကို စာဖြင့် ကြိုတင်အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး (က) အကြောင်းကြားစာ ပေးခဲ့သည့်နောက် ရက်ပေါင်း ၃၀ သို့မဟုတ် (ခ) လျှောက်ထားရန် အချိန်ကာလ၏နောက်ဆုံးနေ့ ထက်ပိုပြီး မစောရပါ။

<u>သမားရိုးကျမဟုတ်သော ငွေကောက်ခံမှုဆောင်ရွက်ချက် (ECA)။</u> ။ လူနာထံမှ ဥပဒေနှင့်ကိုက်ညီ

သော သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ကို လိုအပ်သည့်
လူနာ၏ ပေးရန်ရှိငွေ ကိုရယူသော မည်သည့်ဆောင်ရွက်ချက်မဆို ဖြစ်သည်။ ဥပမာ - ECA
များတွင် ပစ္စည်းဥစ္စာ ပိုင်ဆိုင် မှုကို သိမ်းယူသည့်ပုံစံများ၊ အိမ်၊
ခြံ၊ မြေ အကြွေးဖြင့်သိမ်းခြင်း၊ ဘဏ်စာရင်းများ သို့မဟုတ် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို
ထိန်းသိမ်းလိုက်ခြင်း၊ တရားမမှုစွဲဆိုခြင်း၊ ဖမ်းဆီးခံရမှုဖြစ်စေခြင်း သို့မဟုတ် လူကိုဖမ်းဆီးရန်
တရားရုံးမှစာထုတ်ခြင်း သို့မဟုတ် လုပ်အားခဖြစ်စေ အခြားသောဝင်ငွေကိုဖြစ်စေ
ရုံးမိန့်ဖြင့် ဖြတ်တောက်ယူခြင်းတို့ပါဝင်သည်။ ECA ဟူသောစကားရပ်တွင် လူနာတစ်ဦး၏ ပေးရန်ရှိ
အကြွေးကို အကြွေးဆိုင်ရာ ဗျူရို သို့မဟုတ် အေဂျင်စီသို့ တိုင်ကြားခြင်းလည်းပါဝင်သည်။ ECA များ
တို့တွင် မတ်ထရိုက ကြေငြာထားသည့် ပုဂ္ဂိုလ်ရေးထိခိုက်ဒဏ်ရာရစေသည့် စီရင်မှု၊ ဖြေရှင်းမှု
သို့မဟုတ် အပေးအယူလုပ်မှုတို့ မပါဝင်သကဲ့သို့ လူမွဲစာရင်းကြေငြာမှုဆောင်ရွက်ချက်တစ်ခုတွင်
ငွေကြေးတောင်းခံမှုအတွက် တရားစွဲဆိုခြင်းလည်းမပါဝင်ပါ။

<u>ကိုယ်တိုင်ပေးချမှုငွေစာရင်း။</u> ။
ကျန်းမာရေးစောင့်ရှောက်မှုအာမခံမှုဖြစ်စေ၊ တတိယလူအနေနှင့် ပေးချေပေးသူ
(စပ်တူပေးချေမှုများ၊ စပ်တူအာမခံနှင့် ဖြတ်တောက်ယူနိုင်သည်များ အပါအဝင်) မှ
ဖြစ်စေ၊ ပေးချေမှုများပြုလုပ်ပြီးနောက်နှင့် လူနာတစ်ဦး၏ ဘဏ္ဍာရေးအထောက်အပံ့လျှောက်ထား
မှုတွင် အခြေခံပြီး ငွေပမာဏအချို့ချေဖျက်လိုက်ခြင်းပြုပြီးနောက် ထိုပုဂ္ဂိုလ်(များ)က
တာဝန်ယူရ သော လူနာတစ်ဦး၏စရိတ် တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

<u>ကိုယ်တိုင်ပေးချေမှုလျှော့ဈေး။</u> ။ ဘဏ္ဍာရေးအထောက်အပံ့အတွက်
ရယူနိုင်ခွင့်မရှိသည်
အသိအ မှတ်ပြုပြီးသော ကိုယ်တိုင်ပေးချသည့် လူနာများအားလုံးအတွက် ငွေတောင်းခံမှုများမှ
တန်းတူသတ် မှတ်ထားသည့် လျှော့ပေးငွေဖြစ်ပါသည်။

<u>ငွေကြေးကောက်ခံပေးသော အေဂျင်စီ။</u> ။ မတ်ထရိုကျန်းမာရေးကိုယ်စားပြုပြီး
အကြွေးကောက်ခံမှု ဆိုင်ရာ မျှတသောကျင့်ထုံးများတို့နှင့်အညီ လူနာကပေးရန်
ကျန်ရှိသောငွေကို ကောက်ခံပေးရန် စာချုပ်ချုပ်ဆိုထားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

<u>စောင့်ရှောက်ခပေးချေမှု ။</u> ။ အတိုးပေးရန်မလိုဘဲ
သတ်မှတ်ပေးထားသော အချိန်ကာလအပိုင်းအ
ခြားတစ်ခုအတွင်း လစဉ်ခြေနိုင်လက်နိုင်ပေးချေမှုဖြင့် သင်၏ပေးရန်ရှိငွေကို ပေးချေခွင့်ပြုသော
ဘဏ္ဍာရေးဆိုင်ရာ နည်းလမ်းတစ်ခုဖြစ်ပါသည်။

<u>ကုန်ကျစရိတ်တောင်းခံလွှာ ။</u> ။ လူနာက ငွေပေးချေရန်တောင်းဆိုထားသော စာဖြင့်ဖြစ်စေ၊
လူဖြင့် ဖြစ်စေပေးပို့သော
မည်သည့်အကြောင်းကြားစာမဆိုဖြစ်သည်။ ထိုအကြောင်းကြားစာသည်
ကျန်း မာရေးစောင့်ရှောက်မှုအတွက် ဆေးရုံဆင်းချိန်တွင် ကုန်ကျစရိတ်များ ပထမ
ဆုံးအကြိမ် တောင်းခံ လွှာ သို့မဟုတ် ထိုနောက်ပိုင်း လစဉ်ပုံမှန်ငွေတောင်းခံလွှာ
သို့မဟုတ် ငွေးကြေးကောက်ခံမှုမတိုင်မီ ထပ်မံအကြောင်းကြားစာ ဖြစ်နိုင်ပါသည်။

<u>ဖောက်သည်ဝန်ဆောင်မှုကိုယ်စားလှယ်များ ။</u> ။ ဘဏ္ဍာရေးထောက်ပံ့မှုဆိုင်ရာ
မူဝါဒနှင့် ဤကျ သင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံမှုဆိုင်ရာ မူဝါဒတို့သာမကဘဲ ပါဝင်နိုင်သည့်
မတ်ထရို၏ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများတို့အကြောင်း လူနာများတို့အား
ပညာပေးသည့် မတ်ထရို၏ ဖောက် သည်ဝန်ဆောင်မှုရုံးမှ ဝန်ထမ်းများဖြစ်ပါသည်။

<u>အသိပေးအကြောင်းကြားသည့်အချိန်ကာလ ။</u> ။ဘဏ္ဍာရေးအထောက်အပံ့ရနိုင်မှုအကြောင်း

လူနာ ထံသို့ မတ်ထရိုက အကြောင်းကြားရမည့် အချိန်ကာလအပိုင်းအခြားဖြစ်ပါသည်။ အသိပေးအကြောင်းကြားသည့်အချိန်ကာလသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဂန်ဆောင်မှုကို ပေးသော နေ့ရက်မှစတင်ပြီး ထိုစောင့်ရှောက်မှုအတွက် ပထမဆုံး ဆေးရုံဆင်းကုန်ကျစရိတ ်တောင်းခံလွှာ ပေးသည့်နေ့ပြီးနောက် ရက်ပေါင်း ၁၂၀ မြောက်နေ့တွင် ပြီးဆုံးသည်။

<u>လူနာကပေးရန်ကျန်ရှိငွေ ။</u> ။ အမခံကဖြစ်စေ၊
အစိုးရပိုင်းဆိုင်ရာ ပေးချေမှုပြုပေးသူဖြစ်စေ၊
အခြား တတိယလူအဖြစ်ပေးချေပေးသည့်အရင်းအမြစ်ဖြစ်စေ တို့ကပေးချေခြင်းမပြုသော မည်သည့်လက် ကျန်ငွေမဆိုဖြစ်ပါသည်။

<u>ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့် အကြောင်းအရာအကျဉ်း ။</u> ။ မတ်ထရို၏ ဘဏ္ဍာ ရေးအထောက်အပံ့ဆိုင်ရာ မူဂါဒအကြောင်း အကျဉ်းချုပ်ရေးသားချက်ဖြစ်ပြီး ၎င်း၏မိတ္တူကို ထိုမူဂါ ဒနှင့်ပူးတွဲပြီး https://metrohealth.net/about-metro-health/billing-payment-options/financial-assistance/ တွင်ရရှိနိုင်ပါသည်။ ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့် အကြောင်းအရာအကျဉ်းကို ဘဏ္ဍာရေးအထောက်အပံ့ဆိုင်ရာမူဂါဒတွင် ဖော်ပြထားသည့် အတိုင်း အများပြည်သူသိရှိစေမည်ဖြစ်သည်။

<u>ငွေကြေးကောက်ခံမှုမပြုမီထပ်မံကြိုတင်အသိပေးခြင်း ။</u> ။ မတ်ထရိုက လူနာထံသို့ စာတိုက်မှ ဖြစ်စေ၊ လူဖြင့်ဖြစ်စေ ပေးပို့လိုက်သည့် ရက်စွဲပြီဖြစ်သော ပေးသွင်းရမည့်ငွေပေးချေမှုကို ရယူရန် တစ်ကြိမ် သို့မဟုတ် ထိုထက်ပိုသော ECA ကို စတင်ဆောင်ရွက်ရန် မတ်ထရို၏ ရည်ရွယ်ချက်ကို ဖော်ပြထားပြီး အခန်း ၄-ဆ တွင် ဖော်ပြထားသည့် အခြားလိုအပ်သောအကြောင်းအရာကို ထည့် သွင်းထားသည့် ကုန်ကျစရိတ်တောင်းခံလွှာတစ်ခုဖြစ်ပါသည်။

| | |
|---|---|
| **Reference(s)** | U.S Bankruptcy Code, Title 11<br>http://uscode.house.gov/browse/prelim@title11&edition=prelim<br><br>I.R.S. Revenue Code, Section 501(r)<br>https://www.irs.gov/charities-non-profits/charitable-organizations/new-requirements-for-501c3-hospitals-under-the-affordable-care-act |
| **အတည်ပြုရေး ကော်မတီ(များ)** | <u>အခွန်ကောက်ခံမှုလည်ပတ်ရေး ကော်မတီ</u> ကော်မတီ(များ) Δ <u>၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃</u> ရက် |